dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to reach a real Peace Deal?"*

ဖြစ်ပါတယ်။ (ဇူလိုင် ၊ ၃၀ ၊ ၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "စစ်မှန်တဲ့ ငြိမ်းချမ်းရေးညှိနှိုင်းမှုဆီကို ဘယ်လိုရောက်နိုင်မလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့စုံညီ ညီလာခံတစ်ရပ်ကို ကချင် လက်နက်ကိုင် KIA ထိန်း ချုပ်နယ်မြေဖြစ်တဲ့ မိုင်ဂျာယန်မှာ ဇူလိုင်လ ၂၆ ရက်နေ့ကနေ ၂၉ ရက်နေ့အထိ ၄ ရက်အထိ ပြုလုပ်မှာဖြစ်ပေမယ့် အစည်းဝေး တတိယမြောက်နေ့မှာပဲ တစ်ရက်ထပ်တိုးလိုက်ပါတယ်။ အဲဒါနဲ့ တစ်ချိန်တည်းမှာပဲ ရှမ်းပြည်နယ်၊ ပင်လုံမြို့မှာ ဇူလိုင်လ ၂၇ ရက်ကနေစပြီး ၃၁ ရက်နေ့ အထိ နိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားလူငယ်ညီလာခံကိုလည်း ပြုလုပ်နေပြီး ကချင်၊ကယား၊ကရင်၊ချင်း၊ရှမ်း၊ဗမာ၊မွန်၊ရခိုင် နဲ့ ဂ၊ ကိုးကန့် ၊ပအိုဝ်၊ အင်းသား၊ ထားဝယ် တို့နဲ့ တိုင်းရင်းသားလူမျိုး ၂၄ မျိုးက ကိုယ်စားပြုလူငယ် ၅၀၀ လောက် တက်ရောက် လျက်ရှိနေပါတယ်။

မိုင်ဂျာယန် အစည်းအဝေးမှာ တနိုင်ငံလုံး အစ်ရပ် သဘောတူစာချုပ် NCA ထဲ ပါဝင် လက်မှတ် ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ မထိုးရသေးတဲ့ အဖွဲ့တွေပါ ပါဝင်ကြပြီး အစိုးရဘက်က ကျင်းပဖို့ စိုင်းပြင်းနေတဲ့ ၂၁ ရာစု ပင်လုံညီလာခံလို့ခေါ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ညီလာခံ မတိုင်ခင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကြား ဘုံရပ်တည်ချက် မူဝါဒတွေ ရရှိလာဖို့ မျှော်လင့်ချက်နဲ့ ကျင်းပတာလည်း ဖြစ်ပါတယ်။ ၂၁ ရာစု ပင်လုံညီလာခံကို ဒီဩဂုတ်လမကုန်ခင်မှာ ပြုလုပ်မယ်လို့ ဆိုထားပြီး အခုပြုလုပ်နေတဲ့ ညီလာခံ ဟာ အဲဒီအတွက် ဘယ်လောက်အထောက်အကူဖြစ်စေနိုင်မလဲဆိုတာ ပေါ်ထွက်လာစေဖို့ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

မိုင်ဂျာယန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်းဆိုင်ရာ အခြေခံမူ ရှစ်ချက်အဖြစ် အချုပ်အခြာ အာဏာသည် တိုင်းရင်းသားပြည်သူများမှတစ်ဆင့် ဆင်းသက်ရမည်၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု၊ တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း၊ ဒီမိုကရေစီအခွင့် အရေးနှင့် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု၊ ပါတီစုံ ဒီမိုကရေစီ စနစ်ကျင့်သုံးရေးနှင့် ဘာသာရေးကို အခြေမခံသည့် နိုင်ငံ စသည့် အခြေခံမူများကို ကိုင်စွဲပြီး အစိုးရနှင့် ဆက်လက်ဆွေးနွေးရန် စတဲ့ ဘုံသဘောတူညီချက် ၈ ချက်ကို ချမှတ်ခဲ့ပါတယ်။ တတိယမြောက်နေ့တွင်မူ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စု တပ်မတော် အား အရပ်ဘက် အုပ်ချုပ်မှု အောက်တွင် ထားရှိရေး ကိစ္စအပေါ် ဘုံသဘောထားအဖြစ် စုစည်းရန်သဘော တူခဲ့ကြပြီး လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံသားများအား ကာကွယ်ရေး အပါဝင်အခြား အချက် ၁၀ ချက်ကို ဘုံသဘောထားအဖြစ် သဘောတူခဲ့ကြသည်။

၂၁ ရာစု ပင်လုံညီလာခံဆိုပြီး တိုင်းရင်းသားတွေ နဲ့ ပြန်လည်ပြီးငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဦးဆောင်တာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်တယ်။ အဲဒီအပေါ်မှာ တိုင်းရင်းသားတွေရဲ့ တူညီတဲ့ သဘောဆန္ဒတစ်ရပ်က ကျွန်တော်တို့သိရသလောက်ဘာလဲဆိုတော့လွတ်လပ်ရေးရဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း အပေါ်မှာ တိုင်းရင်းသား ခေါင်းဆောင်တွေ ယုံကြည်ခဲ့ကြတယ်။ အဲဒီလိုပဲ ငြိမ်းချမ်းရေးရဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီး ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာသူတို့ အရမ်းမျှော်လင့်ထားတယ်လို့ ဦးဇော်ဌေးက သူ့အမြင်ကို ပြောပါတယ်။

ဒီဗွီဘီ ဒီဘိတ်ရဲ့ ဒီတစ်ပတ်ဆွေးနွေးပွဲမှာ ယခင်ကပြုလုပ်ခဲ့တဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုတွေကနေ ဒီကနေ့ ကျင်းပနေတဲ့ လက်နက်ကိုင် တိုင်းရင်းသားစုံညီ အစည်းအပွဲတွေက စစ်မှန်တဲ့ ငြိမ်းချမ်းရေး ညှိနှိုင်းမှုဆီ အရောက်သွားနိုင်ပြီလား၊ ဘာစိန်ခေါ်မှုတွေ ရှိနေဦးမလဲ ဆိုတာတွေကို ထွက်ပေါ်လာစေဖို့ မတူညီတဲ့ အမြင်ရှုထောင့်တွေကနေ ဆွေးနွေးကြည့်ကြမှာဖြစ်ပါတယ်။

## သူတို့အမြင်

"ကျတော်တို့ဘဝတစ်ခုလုံးကိုပေးပြီးတော့ပင်လုံစာချုပ်မှာလက်မှတ်ရေးထိုးခဲ့တယ်။ ပြည်ထောင်စုအတွက် ကျတော်တို့အားလုံး ပေးဆပ်ခဲ့ပြီးပြီ။ ကျတော်တို့ ပေးဆပ်တာကိုတော့ အခုထိ အသိအမှတ်မပြုသေးဘူး။ အဲဒါကို အသိအမှတ်ပြုဖို့တော့လိုလိမ့်မယ်" **ဆလိုင်းလျန်မှုန်းဆာခေါင်း** - ဒုဥက္ကဌချင်းအမျိုးသားတပ်ဦး။

"အပစ်ရပ်၊ အပစ်မရပ်အဖွဲ့ဆိုတဲ့ ကန့်သတ်ချက်တွေဟာ မိမိတို့တိုင်းရင်းသားတွေကြားမှာ မရှိသင့်ပါဘူး။ ဒီဆွေးနွေးပွဲတလျှောက် အဖွဲ့အစည်းတခုနဲ့တခုအကြား ၊ လူမျိုးတခုနဲ့တခုအကြား သံသယနဲ့ အမုန်းတရားတွေ ပွားများစေပြီး ယုံကြည်မှုနဲ့ စုစည်းညီညွတ်မှုကို ကျဆင်းစေမယ့် အကြောင်းအရာတွေကိုလည်း ရှောင်ရှား ကြဖို့ နှိုးဆော်လိုပါတယ်။" **ဗိုလ်ချုပ်ကြီးအင်ဘန်လ** - ကေအိုင်အို ဒုဥက္ကဌ။

"မိမိတို့ရဲ့ နိုင်ငံရေး လိုလားချက် နိုင်ငံရေးဆွေးနွေးမှု တောင်းဆိုချက်များဟာ ပကတိတိုင်းပြည်ရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေကိုက်ညီပြီး သက်ဆိုင်ရာ အစုအဖွဲ့များ အားလုံး က လက်ခံနိုင်တဲ့ လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်တဲ့ နိုင်ငံရေး အဖြေကိုရရှိဖို့ လိုအပ်ပါတယ်၊ ဆိုလိုတာက မိမိလိုအပ်ချက် အကုန်လုံးရမှလက်ခံနိုင်တဲ့ နိုင်ငံရေး အဖြေမဟုတ်ဘဲ သမာသမတ်ကျတဲ့ နိုင်ငံရေး အဖြေကိုရရှိဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်"
**ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး** - KNU ဥက္ကဋ္ဌ။

"ခွဲထွက်မယ်ဆိုတဲ့ဟာကတော့ဘယ်သူမှမပြောဘူး။အဓိကအားဖြင့်ဒီမိုကရေစီရေး၊အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့ပဲနော်။ အဲဒီလိုမှ မတည်ဆောက်ရင် လက်ရှိ၂၀၀၈ဖွဲ့စည်းပုံအရပေါ့နော်ဗမာတွေကကြီးပဲကြီးစိုးပြီးမှလွှမ်းမိုးပြီးမှအားလုံးကိုချုပ်ကိုင်ထားတဲ့ ပုံစံမျိုးကတော့ ဘယ်တိုင်းရင်းသားတွေမှ လက်မခံနိုင်ကြဘူး။"
**နိုင်ဟံသာ** - တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)။

"မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးတယ်ဆိုတာ လက်ရှိတပ်မတော်လား၊ လက်ရှိတပ်မတော်ကနာမည်ဆိုးကို အမွေဆက်ခံနေရတာလား၊ ဒါကိုခွဲပြီးတော့ကြည့်ဖို့လိုတယ်။မဟာလူမျိုးကြီးဝါဒကိုကျင့်သုံးခဲ့ပြီးတပ်မတော်ကို အလွဲသုံးစား လုပ်ခဲ့တဲ့လူတွေက ၁၉၆၀ ကာလလောက်က တပ်မတော်လို့ ကျနော်ပြောချင်တယ်။ အဲဒီအရှိန်အဝါကြီးက ကြီးနေတော့ ၁၉၉၀ နဝတ၊ နအဖ စစ်အစိုးရ အထိတောင် အရှိန်က မသေဘူး။ဒါပေမယ့် ကျနော် ၂နှစ်၊ ၃နှစ်လောက် တပ်မတော်နဲ့ ဆွေးနွေးလာခဲ့တော့ လက်ရှိတပ်မတော်မှာ အများစုကငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားကြပါတယ်။ ကျနော်တို့ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကိုလည်း နားလည်ကြပါတယ်။"
**ဆလိုင်းလျန်မှုန်း ဆာခေါင်း**- UPDJC ရဲ့ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ အတွင်းရေးမှူး။

*Information links:*

www.7daydaily.com

www.myanmar-now.org

www.dvbdebate.net